## (၂) စာကိုစပိုရာ ရွက်ပြောက်ရောဂါ (Cercospora leaf spot)

**ရောဂါဖြစ်စေသောသက်ရှိ -** *Cercospora elaeidis* Steyaert

**ရောဂါလက္ခဏာ**

ပျိုးပင်/အပင်ငယ်အဆင့်တွင်အရေးကြီးသောရောဂါဖြစ်သည်။ သေးငယ်သော အဝါရောင်ကွက်ပြောက်များအလယ်တွင် အညိုရောင်အစက်ပါရှိသော ရောဂါကွက် များ စတင်ဖြစ်ပေါ်သည်။ ရောဂါ ကွက် တစ်ဖြည်းဖြည်း ကျယ်ပြန့်လာ ပြီး အညိုရောင် ပြောင်းသွားကာ အဝါရောင် အနား သားများဖြင့် ဝိုင်းရံထားသည်။ နောက်ပိုင်းတွင် အညိုရောင်ရောဂါကွက်များသည် အရွက် တစ်ခု လုံးပြန့်ကျဲ ထားသလို ဖြစ်လာသည်။ အရွက်သည် မီးခိုရောင်ပြောင်းသွားပြီး ကျွတ်ဆတ် လာသည်။






**ကာကွယ်နှိမ်နင်းနည်းများ**

- ခံနိုင်ရည်ရှိသောမျိုးကိုစိုက်ပျိုးပါ။
- ရောဂါရပင်ကြွင်းပင်ကျန်များကိုမီးရှို့ဖျက်ဆီးပါ။

ရောဂါစတင်ကျရောက်ပါက Chlorothalonil (ကလိုရိုသာလိုနေးလ်)၊ Difenoconazole (ဒီဖီနိုကိုနာဇိုး)၊ Hexaconazole (ဟက်ဇာကိုနာဇိုး)၊ Copper oxychloride (ကော့ပါးအောက်ဆီ ကလိုရိုဒ်) စသောဆေးများကိုအသုံးပြုပက်ဖျန်းပါ။